သရဏဂမန (သရဏဂုံ)ဟု ခေါ်၏၊ မိမိမှာ ထိုသရဏဂုံစိတ် ရှိနေပါသည် ဟု ဝန်ခံသောအားဖြင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ရွတ်ဆိုမှုကို "သရဏဂုံ ဆောက်တည်ခြင်း"ဟု ခေါ်ကြ၏၊ သာ၍ လေးစားရာ ရောက်အောင် ၃-ခေါက် ဆိုကြရသည်။

ဤသရဏဂုံပါဠိဝယ် "ဒ္ဓံ,မံ,ဃံ,စ္ဆာ" တို့၌ ခပ်ပြင်းပြင်း ရွတ်ရကြောင်း သိဘို့ရန် စာလုံးမဲဖြင့် ပြထား၏၊ ရွတ်ပုံကို ဆရာက သင်ပြပါ၊ ဤသရဏဂုံ ၃-ပါးကို ပီပီသသ ရွတ်နိုင်လျှင် "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"လဲဆုံးရော ရှင်သာမဏေလဲ ဖြစ်ရော ဟု မှတ်၊ သို့သော် ဆရာရော တပည့်ပါ ၂-ဦးလုံး ပီဘို့ အရေးကြီး၏၊ တဦးက မပီလျှင်လည်း ရှင်သာမဏေအစစ် မဖြစ်သေး၊ ထို့ကြောင့် ဤသရဏဂုံနှင့်စပ်၍ လေးလေးနက်နက် မှတ်ဘွယ်တွေ များသေးသောကြောင့် နောက်၌ "သရဏဂုံနှင့်စပ်၍ မှတ်ဘွယ်"ဟု အခန်း သီးခြား ပြထားပါသည်။

---

## ၂–လေ့ကျင့်ခန်း မေးခွန်း

က။ သရဏဂုံနှင့် သီလတောင်းသော ပါဠိကို ရွတ်ပြပါ။

ခ။ ထို သရဏဂုံနှင့် သီလတောင်းပုံကို မြန်မာလို ပြောပြပါ။

ဂ။ "ယမဟံ ဝဒါမိ, တံ ဝဒေဟိ" ပါဠိကို မြန်မာလို ပြောပြပါ။

ဃ။ "အာမ ဘန္တေ"ဆိုသော ပါဠိကို မြန်မာလို ပြောပြပါ။